## အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Saturday—First Morning Session)

Message Four

# ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌လည်းကောင်း၊ ဒေသန္တရအသင်းတော်များ၌လည်းကောင်း ရှိသည့် အခွင့်အာဏာ၏ အကြောင်းရင်း

ဖတ်ရန်ကျမ်း။   ။ ရော၊၉း၂၃။ မ၊၂၈း၁၈။ ဧ၊၁း၂၂-၂၃။ ဟေဗြဲ၄း၁၆။ ဗျာ၊၄း၂။ ၂၂း၁-၂

**I. ဘုရားသခင်သည် အထွတ်အထိပ်အခွင့်အာဏာဖြစ်သည်။ ကိုယ်တော်၌ အခွင့်အာဏာအားလုံးရှိသည် - ရော၊၉း၂၁-၂၂။**

A. ဘုရားသခင်၏အခွင့်အာဏာသည် အမှန်မှာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ အခွင့်အာဏာသည် ဘုရားသခင်၏ဖြစ်ခြင်းကိုယ်တိုင်မှ ထွက်ပေါ်လာသည် - ဗျာ၊၂၂း၁။

B. အခွင့်အာဏာအားလုံး - ဝိညာဉ်ရေးရာ၊ ရာထူးအဆင့်ဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာ - တို့သည် ဘုရားသခင်ထံမှ ဆင်းသက်လာခြင်းဖြစ်သည် - ၂ကော၊၁၀း၈။ ၁၃း၁၀။ ယော၊၁၉း၁၀-၁၁။ က၊၉း၆။

C. အခွင့်အာဏာကို သိရှိခြင်းမှာ အပြင်ပိုင်းသွန်သင်ခြင်းထက် အတွင်းပိုင်း ဖွင့်ပြခြင်းဖြစ်သည် - တ၊၂၂း၆-၁၆။

D. သခင်ယေရှုသည် အခွင့်အာဏာအောက်တွင် ရှိသော လူတစ်ဦးဖြစ်သည်။ ကိုယ်တော်သည် မိမိကိုယ်ကို နှိမ့်ချခဲ့ပြီး၊ ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ခဲ့ကာ၊ သေသည့်တိုင်အောင်၊ ကားတိုင်ပေါ်အသေခံခြင်းသို့တိုင်အောင် နာခံမှုရှိခဲ့သည် - မ၊၈း၉။ ယော၊၄း၃၄။ ၆း၃၈။ ဖိ၊၂း၇-၈။

E. ဘုရားသခင်၏တစ်ပါးတည်းသော သားတော်အဖြစ် ကိုယ်တော်၏ဘုရားဇာတိ၌ သခင်ဘုရားသည် အရာခပ်သိမ်းအပေါ် အခွင့်အာဏာ ရှိတော်မူသည်၊ သို့သော် လူသားတော်နှင့် ကောင်းကင်ဆိုင်ရာနိုင်ငံတော်၏ ရှင်ဘုရင်အဖြစ် ကိုယ်တော်၏လူသားဇာတိ၌ ကောင်းကင်နှင့် မြေကြီးပေါ်ရှိရှိသမျှ အခွင့်အာဏာအားလုံးကို ရှင်ပြန်ထမြောက်ပြီးနောက် ကိုယ်တော်ထံ ပေးအပ်ထားပြီးဖြစ်သည် - မ၊၂၈း၁၈။

F. ယခုတွင် မြေကြီးရှင်ဘုရင်များ၏ အစိုးရသူအဖြစ် ဘုရားသခင် ချီးမြှောက်သော ယေရှုသည် ဩဇာအာဏာရှိသူအားလုံးအပေါ် အစိုးရသူဖြစ်တော်မူသည်။ ကိုယ်တော်သည် ဘုရားသခင်၏ထာဝရစီမံချက် ပြီးပြည့်စုံခြင်းအတွက် ဘုရားဆိုင်ရာအုပ်စိုးမှု၌ အကြီးမြတ်ဆုံးအစိုးရသူဖြစ်သည် - တ၊၂း၃၃၊ ၃၆။ ၅း၃၁။ ဗျာ၊၁း၅။

G. ခရစ်တော်၏တက်ကြွခြင်း၌ ဘုရားသခင်က ကိုယ်တော်ကို အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်စေကာ၊ စကြဝဠာ၏ ဦးခေါင်းတော်အဖြစ်သို့ ကိုယ်တော်ကို အပ်နှင်းခဲ့သည်။ စကြဝဠာတစ်ခုလုံး၏ ဦးခေါင်းတော်သည် ယေရှုဖြစ်သည် - ကော၊၁း၁၈။ တ၊၂း၃၆။ ဧ၊၁း၂၂-၂၃။

**II. ခရစ်တော်သည် စုပေါင်းခြင်းဆိုင်ရာ၌ အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော်၏ ဦးခေါင်းနှင့် တစ်ဦးချင်းဆိုင်ရာ၌ ယုံကြည်သူများအားလုံး၏ ဦးခေါင်းတော်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ တိုက်ရိုက် ဦးခေါင်းတော်ဖြစ်ပြီး၊ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏အခွင့်အာဏာအောက်တွင် ရှိကြသည် - ကော၊၁း၁၈။ ၁ကော၊၁၁း၃။**

A. ခရစ်တော်သည် ဦးခေါင်းတော်ဖြစ်ခြင်းမှာ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်၌ အခွင့်အာဏာရှိသမျှကို ရရှိခြင်းဖြစ်သည် - ရော၊၉း၂၁၊ ၂၃။ မ၊၂၈း၁၈။

1. ကိုယ်ခန္ဓာတော်သည် လွတ်လပ်စွာ လှုပ်ရှားပြုမူရ၍မရပါ။ ၎င်းသည် ဦးခေါင်းတော်၏ လမ်းညွှန်မှုဖြင့်သာ လှုပ်ရှားနိုင်မည်ဖြစ်သည်။

2. ကိုယ်ခန္ဓာတော်နှင့် ၎င်း၏အင်္ဂါဝင်များအားလုံးကို လမ်းညွှန်ရန် အခွင့်အာဏာသည် ဦးခေါင်းတော်၌သာ တည်နေသည်။

B. ကျွန်ုပ်တို့သည် ဦးခေါင်းတော်၏ အခွင့်အာဏာအောက်တွင် ရှိမရှိဟူသည်မှာ ကျွန်ုပ်တို့က ကိုယ်ခန္ဓာတော်၏ အသက်ကို သိခြင်း ရှိမရှိဟူသောအချက်ဖြင့် ဆုံးဖြတ်သည် - ၁ကော၊၁၁း၃။ ဧ၊၄း၁၅-၁၆။ ကော၊၁း၁၈။ ၃း၄။

1. ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်တစ်ခုတည်းသာရှိပြီး၊ တစ်ခုတည်းသော ဦးခေါင်းတော်ကိုသာ နာခံနိုင်သည် - ၁း၁၈။
2. ခရစ်တော်သာလျှင် တုနှိုင်းရာမဲ့ ဦးခေါင်းတော်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို နာခံရမည်၊ ဘုရားသခင်ချီးမြှောက်ထားသည့် ခရစ်တော်၏ တုနှိုင်းရာမဲ့ ဦးခေါင်းအရိုက်အရာကို ရိုသေလေးမြတ်ရမည်၊ သက်သေခံရမည်ဖြစ်သည် - ဧ၊ ၁း၂၂-၂၃။ မ၂၃း၈-၁၂။

C. ကိုယ်ခန္ဓာတော်၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ရှိ အခွင့်အာဏာကို သိမှတ်နားလည်ဖို့ လိုအပ်သည် - ဧ၊၁း၂၂-၂၃။ ကော၊၁း၁၈။ ၂း၁၉။
1. ကိုယ်ခန္ဓာတော်ရှိ အခွင့်အာဏာနှင့်စပ်လျဉ်း၍ ပထမနှင့် အဦးဆုံးသောအရာမှာ ဦးခေါင်းတော်၏ အခွင့်အာဏာသည် ကိုယ်ခန္ဓာတော်တစ်ကိုယ်လုံးသို့ စီးဆင်းသွားရန် လိုအပ်ခြင်းဖြစ်သည် - ဧ၊၅း၂၃-၂၄။
   a. ကျွန်ုပ်တို့သည် ဦးခေါင်းတော်ထံသို့ တိုက်ရိုက် နာခံသောအခါ၊ ကိုယ်ခန္ဓာတော်ကိုလည်း ဂရုစိုက်လာကြသည်။ ကိုယ်ခန္ဓာတော်ကို ဂရုစိုက်ခြင်းမရှိဘဲ ကျွန်ုပ်တို့က ဦးခေါင်းတော်၏အခွင့်အာဏာကို ဝန်ခံနေပါသည်ဟု ပြောရန်မှာ မဖြစ်နိုင်ပါ။
   b. သခင်ဘုရားသည်သာလျှင် ကျွန်ုပ်တို့၏ဦးခေါင်းတော်ဖြစ်ပြီး၊ ကိုယ်တော်သာလျှင် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များ လှုပ်ရှားမှုကို ညွှန်ကြားပေးနိုင်သည့် အခွင့်အာဏာရှိသည်။
2. ကိုယ်ခန္ဓာတော်၌ အသက်ကြီးသူများနှင့် တမန်တော်များသည် ဦးခေါင်းတော်၏ အခွင့်အာဏာကို သယ်ဆောင်နေကြသည့် ကိုယ်စားပြုအခွင့်အာဏာများဖြစ်ကြသည် - တ၊၁၄း၂၃။ ၁တိ၊၅း၁၇က။ ၁ကော၊၁၂း၂၈။
   a. တစ်ဖက်တွင် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံးသည် ဦးခေါင်းတော်ထံသို့ တိုက်ရိုက် ဝန်ခံကြသည် - ဧ၊၅း၂၄။
   b. အခြားတစ်ဖက်တွင် အင်္ဂါဝင်များသည် ဦးခေါင်းတော်၏ ကိုယ်စားပြုသူများကို ဝန်ခံကြသည် - ဟေဗြဲ၊၁၃း၁၇။

## III. အသင်းတော်၏ အစီအစဉ်တကျဖြစ်ခြင်းသည် အသင်းတော်ရှိ အခွင့်အာဏာ - ခရစ်တော်၏ တုနှိုင်းရာမဲ့သော ဦးခေါင်းအရိုက်အရာကို ရိုသေလေးမြတ်ခြင်း - ထဲမှ ထွက်ပေါ်လာသည် - ကော၊၁း၁၈။ ဖိ၊၁း၁။

A. အသင်းတော်၌ မည်သည့်လူသားအဖွဲ့အစည်းမျှ မရှိပါ၊ သို့သော် ဝိညာဉ်ရေးရာ အစီအစဉ်တကျဖြစ်ခြင်းရှိသည် - အငယ်၊၁။ ၁ကော၊၁၄း၄၀။ ၁၁း၃၄ခ။

B. အသင်းတော်၏ ဦးခေါင်းတော်သည် သခင်ဘုရား ခရစ်တော်ဖြစ်ပြီး၊ အသင်းတော်ရှိ အခွင့်အာဏာသည် ခရစ်တော်၏ ဦးခေါင်းအရိုက်အရာဖြစ်သည် - မ၊၂၈း၁၈။ ကော၊၁း၁၈။

C. အသင်းတော်၌ အစီအစဉ်တကျဖြစ်ခြင်း ရှိရမည်၊ သို့သော် ဤအစီအစဉ်တကျဖြစ်ခြင်းသည် ခရစ်တော်၏ ဦးခေါင်းအရိုက်အရာမှ ထွက်လာခြင်းဖြစ်သည် - ဧ၊၁း၂၂-၂၃။

D. ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၏ စစ်မှန်သော လက်တွေ့လုပ်ဆောင်မှုကို ခရစ်တော်၏ တုနှိုင်းရာမဲ့သော ဦးခေါင်းအရိုက်အရာသို့ ဝန်ခံခြင်းအားဖြင့်သာ ရရှိနိုင်သည် - ကော၊၁း၁၈။ ၂း၁၉။
1. အသင်းတော်ရှိ အစီအစဉ်တကျဖြစ်ခြင်းသည် ခရစ်တော်၏ဦးခေါင်းအရိုက်အရာအား ကျွန်ုပ်တို့က လက်တွေ့ကျသော နည်းလမ်း၌ သိရှိနားလည်ခြင်းမှ လာခြင်းဖြစ်သည် - ၁ကော၊၁၁း၃၊ ၁၆။ ဧ၊၁း၂၂။
2. ကျွန်ုပ်တို့သည် လက်တွေ့ကျကျနည်းလမ်း၌ ခရစ်တော်၏ ဦးခေါင်းအရိုက်အရာကို သိနားလည်ခြင်းမှလာသော အသင်းတော်ရှိ ဝိညာဉ်ရေးရာအစီအစဉ်တကျဖြစ်ခြင်း မရှိပါက၊ ကျွန်ုပ်တို့အဖို့ စစ်မှန်သော အသင်းတော်အသက်တာ လက်တွေ့လုပ်ဆောင်ခြင်း ရှိရန် ဖြစ်နိုင်ချေမရှိပါ - ၁ကော၊၁၁း၃။ ၁၄း၄၀။

## IV. အသင်းတော်၌ ဘုရားသခင်၏အခွင့်အာဏာတော်သည် တမန်တော်များနှင့် အသက်ကြီးသူများအားဖြင့် ထင်ရှားစေခြင်း၊ ကိုယ်စားပြုခြင်း ရှိသည် - ၁၂း၂၈။ ၁ပေ၊၅း၁-၃။

A. ဘုရားသခင်သည် အသက်ကြီးသူများနှင့် တမန်တော်များကို အသင်းတော်ရှိ အခွင့်အာဏာအဖြစ် ခွဲခန့်မှတ်သားထားသည် - ၁ကော၊၁၂း၂၈။ တ၊၁၄း၂၃။

B. တမန်တော်များနှင့် အသက်ကြီးသူများသည် မိမိတို့ကိုယ်တိုင်၌ မည်သည့်အခွင့်အာဏာမျှ မရှိပါ။ သူတို့သည် ဦးခေါင်းတော်၏အခွင့်အာဏာအောက်တွင် ရပ်တည်သည့်အခါမှသာ အခွင့်အာဏာရှိကြသည်။ သူတို့သည် ဦးခေါင်းတော်၏ အခွင့်အာဏာကို ကိုယ်စားပြုခြင်းအားဖြင့် အသင်းတော်၌ အခွင့်အာဏာကို လေ့ကျင့်လုပ်ဆောင်ခြင်း ရှိကြသည်။

C. အသင်းတော်၌ ကိုယ်တော်၏ အခွင့်အာဏာကို ထင်ရှားစေရန် ဘုရားသခင်သည် ဒေသန္တရအသင်းတော်တိုင်း၌ ကိုယ်တော်၏ အခွင့်အာဏာကို ကိုယ်စားပြုမည့် အသက်ကြီးသူများကို ခန့်အပ်ထားသည် - အငယ်၊၂၃။ တိတု၊၁း၅။

1. စကြဝဠာဆိုင်ရာအသင်းတော်၌ တမန်တော်အရိုက်အရာ၏ ဌာနရှိပြီး၊ ၎င်းသည် တမန်တော်များကို နေရာချခန့်ထားပြီး၊ ဒေသန္တရအသင်းတော်များ၏ စီမံခန့်ခွဲမှုအတွက် အသက်ကြီးသူများကို ခန့်အပ်ရန် အခွင့်ရှိစေသည် - ၁ကော၊၁၂း၂၈။ တ၊၁၄း၂၃။ တိတု၊၁း၅။

2. သန့်ရှင်းသောဝိညာဉ်တော်သည် အသက်ကြီးသူများကို ခန့်အပ်ခြင်း၌ တမန်တော်များနှင့်အတူ တစ်လုံးတစ်ဝရှိကာ၊ တမန်တော်များက ဤအရာကို သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုအတိုင်း လုပ်ဆောင်ခြင်းဖြစ်သည် - တ၊၂၀း၂၈။

3. အသက်ကြီးသူများ၏ အခွင့်အာဏာသည် ဘုရားသခင်၏အခွင့်အာဏာကို ကိုယ်စားပြုရန်နှင့် ထင်ရှားစေရန်အတွက် ဖြစ်သည် - ၁ပေ၊၅း၁-၃။

4. ကြည့်ရှုစောင့်ထိန်းသူများအဖြစ် အသက်ကြီးသူများ၏ အဓိက တာဝန်ဝတ္တရားသည် အုပ်စိုးရန်မဟုတ်ဘဲ၊ ထိန်းကျောင်းရန်၊ ဘုရားသခင်၏အသင်းတော်ဟူသော သိုးတော်စုကို အရာအားလုံးပါဝင်သော နူးညံ့စွာ ဂရုစိုက်ခြင်းပြုရန်ဖြစ်သည် - တ၊၂၀း၂၈။

5. အသက်ကြီးသူအရိုက်အရာနှင့်စပ်လျဉ်း၍ ကျမ်းစာဆိုင်ရာ အလေ့အလာမှာ အများကိန်းဆိုင်ရာဖြစ်သည်။ အသက်ကြီးသူအရိုက်အရာ၏ အများကိန်းဖြစ်ခြင်းဖြင့် တိကျသော ခေါင်းဆောင်မရှိဘဲ၊ ခရစ်တော်၏ တုနှိုင်းရာမဲ့သော ဦးခေါင်းအရိုက်အရာကို သိမှတ်ခြင်း၊ စောင့်ထိန်းခြင်း၊ လေးစားခြင်း ရှိစေလေသည် - ၁၄း၂၃။ တိတု၊၁း၅။

6. အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို ဦးဆောင်နေသူများအား နာခံ၍ သူတို့ထံသို့ ဝန်ခံခြင်းရှိရမည်ဖြစ်သည် (ဟေဗြဲ၊၁၃း၁၇)။ ကျွန်ုပ်တို့က ဘုရားသခင်ခန့်အပ်ထားသော ကိုယ်စားပြုအခွင့်အာဏာကို ဝန်ခံနိုင်ခြင်းမရှိလျှင် ဘုရားသခင်ကို ကျွန်ုပ်တို့ဝန်ခံခြင်း ရှိနိုင်မည်မဟုတ်ပါ။

## V. ယနေ့အသင်းတော်အသက်တာ၌ ဘုရားဆိုင်ရာ အုပ်ချုပ်မှုရှိနေပြီး၊ ဤအုပ်ချုပ်မှုသည် ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်မှလာခြင်းဖြစ်သည် - ဗျာ၊၂၂း၁-၂။

A. အသင်းတော်ရှိ ဘုရားဆိုင်ရာအခွင့်အာဏာသည် ဘုရားသခင်က မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အသက်အဖြစ်၊ အသက်မစရာအဖြစ်၊ အရာအားလုံးလုံလောက်ပြည့်စုံသော ကျေးဇူးတော်အဖြစ် ဝေငှဖြန့်ဖြူးခြင်းအတွက် ဖြစ်သည်။ ပလ္လင်တော်ကို ဝန်ခံခြင်းအားဖြင့်သာ ကျွန်ုပ်တို့သည် စီးဆင်းနေသော ကျေးဇူးတော်၏ အရာအားလုံးပါဝင်သော အရင်းအမြစ်ကို မျှဝေဆက်ဆံနိုင်မည်ဖြစ်သည် - ၂ကော၊၁၃း၁၄။ ဗျာ၊၂၂း၁-၂၊ ၁၆က။

B. ဟေဗြဲ ၄း၁၆ ရှိ ကျေးဇူးတော်ပလ္လင်သည် ဗျာဒိတ် ၄ ရှိ အခွင့်အာဏာ၏ ပလ္လင်တော်ဖြစ်ကာ၊ ယင်းသည် ဗျာဒိတ် ၂၂း၁-၂ တွင် ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော် ဖြစ်လာသည်၊ ၎င်းမှ "ကျောက်သလင်းကဲ့သို့ ကြည်လင်သော အသက်ရေစီးရာမြစ်" စီးထွက်လာခြင်းဖြစ်သည် (အငယ်၊၁)။

1. ပလ္လင်တော်သည် အခွင့်အာဏာ၏ပလ္လင်တော်၊ ဦးခေါင်းအရိုက်အရာ၏ ပလ္လင်တော်ဖြစ်သော်လည်း၊ ပလ္လင်တော်ထဲက အသက်ရေစီးရာမြစ် စီးထွက်လာသည် - အငယ်၊၁။

2. ပလ္လင်တော်သည် ဘုရားသခင်၏ပလ္လင်တော်မျှသာမဟုတ်ဘဲ၊ ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်ဖြစ်ခြင်းမှာ သိုးသငယ်၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျေးဇူးတော်အဖြစ် စီးထွက်လာကြောင်း ဆိုလိုခြင်းဖြစ်သည်။

a. ကျွန်ုပ်တို့သည် အခွင့်အာဏာကို ကျေးဇူးတော်မှ သို့မဟုတ် ကျေးဇူးတော်ကို အခွင့်အာဏာမှ သီးခြားခွဲထားခြင်း မပြုရပါ။ ကျေးဇူးတော်နှင့် အခွင့်အာဏာသည် တစ်ခုတည်းဖြစ်သည် - ဟေဗြဲ၊၄း၁၆။ ဗျာ၊၂၂း၁။

b. ကျွန်ုပ်တို့သည် ဤပလ္လင်တော်သို့ လာသည့်အခါတိုင်း ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အထဲသို့ စီးဆင်းနေသော မြစ်ကဲ့သို့ဖြစ်ကြောင်း ကျွန်ုပ်တို့အာရုံခံစားရသည် - ဟေဗြဲ၊၄း၁၆။ ဗျာ၊၂၂း၁-၂။

3. ယနေ့ သခင်ယေရှုသည် အခွင့်အာဏာသက်သက်ဖြင့်သာ စိုးစံခြင်းမဟုတ်တော့ပါ။ ကိုယ်တော်သည် ကျေးဇူးတော်အဖြစ် အသက်တော်ကို စီးဆင်းခြင်းမှတစ်ဆင့် အသင်းတော်၌၊ အသင်းတော်များအလယ်၌၊ အသင်းတော်များအားလုံးအပေါ်၌ စိုးစံနေသည် - ၄း၂-၃။ ၅း၆။ ၇း၉။ ၂၂း၁-၂။

C. ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်၊ အခွင့်အာဏာတော်သည် ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်း၏အရင်းအမြစ်မျှသာ မဟုတ်ပါ၊ ၎င်းသည် ဘုရားဆိုင်ရာမိတ်သဟာယ၏ အရင်းအမြစ်လည်းဖြစ်သည် - ၁ယော၊၁-၂။

1. အခွင့်အာဏာနှင့် မိတ်သဟာယသည် ကိုယ်ခန္ဓာတော်တွင် လမ်းကြောင်းနှစ်ခုဖြစ်သည် - ၁ကော၊၁၁း၃။ ၁၂း၁၂-၁၃၊ ၁၈။ ၁း၉။ ၁၀း၁၆-၁၇။

2. ပလ္လင်တော်သည် အခွင့်အာဏာ၏အကြောင်းအရာဖြစ်ပြီး၊ စီးဆင်းနေသောမြစ်သည် မိတ်သဟာယ၏ အကြောင်းအရာဖြစ်ကာ ယင်းကို "ကြည်လင်သောဖန်ကဲ့သို့သော ရွှေစင်"ဖြစ်သည့် လမ်းမအားဖြင့် ပုံဆောင်ထားသည် - ဗျာ၊၂၁း၂၁။

a. ပလ္လင်တော်သည် ဘုရားဆိုင်ရာအခွင့်အာဏာကို ကိုယ်စားပြုပြီး၊ ပလ္လင်တော်မှ အသက်ရေစီးရာမြစ် စီးဆင်းလာကာ၊ ယင်းမှာ ကျွန်ုပ်တို့က ဘုရားဆိုင်ရာမိတ်သဟာယကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက်ဖြစ်သည် - ၂၂း၁-၂။

b. ဤမိတ်သဟာယ၌ ဘုရားဆိုင်ရာအခွင့်အာဏာရှိနေသည်၊ အကြောင်းမှာ ဘုရားသခင်၏စီမံကိန်း၌ အခွင့်အာဏာသည် မိတ်သဟာယနှင့်အတူ အမြဲဒွန်တွဲသွားနေသောကြောင့်ဖြစ်သည် - ၂ကော၊၁၀း၈။ ၁၃း၁၀၊ ၁၄။

3. ဒေသန္တရအသင်းတော်ကို လက်တွေ့ကျကျနည်းလမ်း၌ တည်ဆောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်နှင့် ပလ္လင်တော်မှစီးထွက်ကာ လမ်းမတစ်လျှောက်စီးဆင်းသည့် ကျောက်သလင်းကဲ့သို့ တောက်ပသော အသက်ရေမြစ် နှစ်ခုလုံးကို လိုအပ်သည် - ဗျာ၊၂၂း၁-၂။

*© 2021 Living Stream Ministry*